**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဧပြီလ ၁၁ ရက်၊ ၂၀၂၆ ခုနှစ်


# ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊

## မတ်လ ၁-၃၁ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ ဖေဖော်ဝါရီလ ၂၈ရက်၊ ၂၀၂၆ | မတ်လ ၁- ၃၁ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၂၆ | ၇ | ၇၃၃ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၇၅ | ၂၀ | ၉၉၅ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၉၈ | ၅ | ၇၀၃ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၄၇ | | ၈၄၇ |
| | ဖရူဆိုမြို့နယ် | ၁၇၁ | ၂၁ | ၁၉၂ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၅ | ၃ | ၁၉၈ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မတ်လ ၁-၃၁ရက်နေ့ထိ၊၂၀၂၄ ခုနှစ်



မတ်လအတွင်း စစ်ကောင်စီ၏ လေကြောင်း၊လက်နက်ကြီးနှင့် ဒရုန်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် မယ်စဲ့၊ ဖရူဆို နှင့် ဖားဆောင်းမြို့တို့တွင် အရပ်သာ ၇ဦးသေဆုံးခဲ့ပြီး ၂၀ ဦးထက်မနည်း ဒဏ်ရာရရှိ

မတ်လအတွင်း ဖရူဆို၊ ဘောလခဲနှင့် ဖားဆောင်းတို့ကို ဆက်သွယ်ထားသော အဓိကအဝေးပြေး လမ်းမကြီးကို ပြန်လည်ထိန်းချုပ်ရန်အတွက် စစ်ကောင်စီတပ်မှ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုများအပြင် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများပိုမိုလုပ်ဆောင်လာခဲ့သည်။ ထိုတိုက်ခိုက်မှုများကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အရပ်သား ၇ဦး သေဆုံးခဲ့ရပြီး ၂၀ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဘုရားကျောင်းဆောင်တစ်ခု၊ အိမ်မွေးတိရိစ္ဆာန်များနှင့် နေအိမ်အဆောက်အဦး တစ်ချို့ ထိမှန်ဆုံးရှုံးခဲ့ရသည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစပြီး စစ်ကောင်စီတပ်နှင့် ၎င်း၏ မဟာမိတ်တပ်ဖွဲ့ ပအိုဝ်ပြည်သူ့စစ် PNO များသည် ရှမ်း-ကရင်နီနယ်စပ်၊ မိုးဗြဲမြို့အနောက်ဘက်ရှိ ကျေးရွာများတွင် နယ်မြေရှင်းလင်းရေးစတင်ကာ လက်နက်ကြီးများ ရမ်းတမ်းပစ်ခတ်ခြင်းနှင့် ဒရုန်းဗုံး တို့ကြောင့် ပြည်သူများ ထပ်မံရှောင်တိမ်းကြရသည်။

မတ်လအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား

မတ်လ ၅ရက်၊ မွန်းလွဲပိုင်းအချိန် ဖရူဆိုမြို့နယ်၊ အနောက်ဘက်ခြမ်းရှိစစ်ရှောင်စခန်းတစ်ခုကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် မီးလောင်ဗုံးများ ပစ်ခတ်ခြင်းနှင့် လက်နက်ကြီး၃ကြိမ် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကြောင့် စစ်ရှောင်အိမ်တစ်လုံးနှင့် သိုလှောင်ထားသော စားနပ်ရိက္ခာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။ သည့်အပြင် ညဖြနာရီကျော်အချိန်တွင်လည်း လေကြောင်း တိုက်ခိုက်မှုလည်း ပြုလုပ်ခဲ့သည်။

မတ်လ ၄ရက်၊ ညစနာရီခွဲဝန်းကျင်အချိန် ဖရူဆိုမြို့နယ်၊ အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာများကို ပစ်မှတ်ထားကာ စစ်ကောင်စီတပ်မှ လက်နက်ကြီး ၁၂၀ မမနှစ်ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၅ရက်နေ့မှာလည်း စစ်ရှောင်စခန်းတစ်နေရာကို မီးလောင်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့်

စစ်ရှောင်နေအိမ်တစ်လုံးပျက်စီးခဲ့သည့်အပြင် စစ်ရှောင်များ သိုလှောင်ထားသော စားနပ်ရိက္ခာများပါ မီးလောင်ပျက်စီးခဲ့သည်။

မတ်လ ၅ ရက်၊ ၁၁နာရီဝန်းကျင် စစ်ကော်မရှင်တပ်မှ မယ်စဲ့မြို့နယ်ရှိ IECတရားရေးဌာန လက်အောက်ရှိ ထိန်းသိမ်းရေးစခန်း အမှတ်(၂)ကို လေကြောင်းဖြင့် ဗုံးစလုံးထက်မနည်း ဗုံးကြဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် ထိန်းသိမ်းရေးစခန်းရှိ စစ်ကောင်စီတပ်သားများ၏ မိသားစုဝင် အသက်မပြည့် သေးသော မိန်းကလေးငယ်တစ်ဦးအပါအဝင် အမျိုးသမီး၄ဦးနှင့် အမျိုးသား၁ဦး စုစုပေါင်း ၅ဦးသေဆုံး ခဲ့ပြီး ကျန်၂၀ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မတ်လ ၈ရက်၊ ညနေပိုင်းအချိန် ဖရူဆိုမြို့နယ်၊ အနောက်ဘက်ခြမ်းရှိ စစ်ရှောင်တစ်နေရာကို စစ်ကောင်စီတပ်မှ လက်နက်ကြီး သုံးလုံးပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် စပါးကျီတစ်လုံးထိမှန် ပျက်စီးခဲ့ပြီး သိုလှောင်ထားသော စပါး၊ ပြောင်းနှင့် မြေပဲများ ပျက်စီးဆုံးရှုံးခဲ့သည်။

မတ်လ ၇ရက်၊ မွန်းလွဲပိုင်းမှစပြီး ရှမ်း-ကရင်နီပြည်နယ်စပ်ရှိ မိုးဗြဲမြို့၊ အနောက်ဘက်ခြမ်းကို စစ်ကောင်စီတပ်နှင့် ပအိုဝ်ပြည်သူ့စစ်PNO တို့မှ လက်နက်ကြီး ပစ်ခတ်မှုများနှင် ဒရုန်း ဗုံးကြဲတိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာခြင်းကြောင့် ပြည်သူများနှင့် စစ်ရှောင်များ ထပ်မှန် တိမ်းရှောင်ကြရသည်။

မတ်လ ၁၀ရက်၊ မွန်းလွဲပိုင်း ၁နာရီအချိန် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသ တစ်နေရာကို စစ်ကောင်စီ တပ်မှလေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် အရပ်သား၅ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မတ်လ ၁၃ရက်၊ ဖရူဆိုမြို့နယ် နေထိုင်သူ အသက်၃၀ ဝန်းကျင်အမျိုးသားတစ်ဦး စစ်ကောင်စီ၏ မြေမြှုပ်မိုင်းကြောင့် ခြေထောက်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မတ်လ ၁၄ရက်၊ ညနေပိုင်း ၅နာရီကျော်အချိန် ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာရှိ ခရစ်ယာန် ဘုရားကျောင်းကို စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ဘုရားကျောင်း အဆောက်အဦး လုံးဝထိခိုက်ပျက်စီးသွားခဲ့သည်။ သည့်အပြင် ထိုတစ်ရက်ထဲတွင် ဖားဆောင်းမြို့နှင့် မော်ချီးကြားရှိ ၉မိုင်တွင်လည်း ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၄၀ အရွယ်ရှိ အရပ်သားတစ်ဦး ပြင်းထန်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မတ်လ ၁၅ရက်၊ ညနေ၆နာရီဝန်းကျင်အချိန် ဖရူဆိုမြို့နယ်၊ အရှေ့ဘက်ခြမ်းရှိ စစ်ဘေးရှောင်များ နေထိုင်ရာ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၄၃နှစ်အရွယ် အမျိုးသမီးတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

မတ်လ ၁၅ရက်၊ မွန်းလွဲပိုင်း ၂နာရီမှစပြီး စစ်ကောင်စီတပ်သည် ဖရူဆို-ဘောလခဲမြို့နယ်စပ်ရှိ ကျေးရွာတစ်ရွာကို လက်နက်ကြီးများဖြင့် ၁၀လုံးထက်မနည်း ရမ်းတမ်းပစ်ခတ်ခဲ့သည်။ ထို့အပြင် ၁၆ရက်၊ မွန်းလွဲပိုင်းတွင်လည်း စစ်ကောင်စီတပ်မှ ထိုကျေးရွာကို အသေခံဒရုန်းနှစ်စင်းဖြင့်ထပ်မံ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

မတ်လ ၁၉ရက်၊ မွန်းလွဲ၃နာရီကျော်အချိန် ဖားဆောင်းမြို့နယ်၊ ဖားဆောင်းမြို့နှင့် မော်ချီး ဒေသကြားတစ်နေရာကို စစ်ကောင်စီမှ လေကြောင်းဖြင့် ပေါင်၂၀ဝရှိဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ၎င်း၏တဲအိမ်နှင့် အိမ်မွေးတိရိစ္ဆာန်တစ်ချို့လည်း ဆုံးရှုံးခဲ့သည်။

မတ်လ ၂၀ရက်၊ လွိုင်ကော်မြို့နယ် လင်ဖုံလေးရွာနေထိုင်သူ အသက်၅၅နှစ်အရွယ်အမျိုးသမီးတစ်ဦး နေရပ်ပြန်ကြည့်ချိန် စစ်ကောင်စီတပ်မှ ထောင်ထားသောမြေမြှုပ်မိုင်း နင်းမိကာ ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။

မတ်လ၂၃ရက်၊ မနက်၁၀နာရီ ၁၅မိနစ်အချိန် ဖရူဆိုမြို့နယ်ရှိ ကျေးရွာတစ်နေရာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် လင်မယားနှစ်ဦးလုံးဗုံးဆထိမှန်ကာ အသက်၃၂နှစ်ရှိသော အမျိုးသားမှာ လည်ပင်ဖြတ်ရှသေဆုံးခဲ့ပြီး အမျိုးသမီးမှာ ပေါင်ထိမှန်ဒဏ်ရာရရှိခဲ့သည်။

မတ်လ ၂၈ရက်၊ မွန်းလွဲ ၁နာရီခွဲအချိန် ဒီးမော့ဆိုမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်အနီးကို စစ်ကောင်စီတပ်မှ မြင်ကွင်းရှင်းရန် တောမီးရှို့မှုပြုလုပ်ရာမှတစ်ဆင့် ရပ်ကွက်တွင်းရှိ ဘုန်းကြီးကျောင်းဆောင်နှင့် လူနေအိမ်များ အနည်းဆုံး၅လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

မတ်လ ၂၈ရက်၊ ဖရူဆို-ဘောလခဲမြို့နယ်စပ်ရှိ ကျေးရွာတစ်ရွာတွင် စစ်ကောင်စီတပ်မှ တစ်လကျော်ကြာ တပ်စွဲနေထိုင်ခဲ့ပြီးနောက် ကျေးရွာရှိနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ခန့်မှန်းခြေ အိမ်ပေါင်း ၁၆လုံးမီးလောင်းပျက်စီးခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com